## ရဟန်းမင်းကြီးနှင့်စိပ်ပုတီး

ကက်သလစ်ဘာသာဝင်တစ်ဦး၏ဝိညာဉ်ရေးကျင့်စဉ်တွင် စိပ်ပုတီးစိတ်ခြင်းသည်လည်းအ လွန်အခြေခံကြသောဝတ်တရား တစ်ပါး ဖြစ်သည်။ ထို့အတူပင်ရဟန်းမင်းကြီးလည်း ကက်သလစ်ဘာ သာတူတစ်ဦးဖြစ်သောကြောင့်စိပ်ပုတီးစိတ်ခြင်းနှင့်ကင်းကွာ၍မရပေ။

အမိကက်သလစ်သာသနာတော်ကြီးအနေဖြင့် မေလသည်မယ်တော်မာရိယာကိုအထူးရည်စူး ကပ်လှူပူဇော်ထားသောလဖြစ် သည်။ ထို့ကြောင့်ရဟန်းမင်းကြီးဖရန်စစ်က ကမ္ဘာပေါ်ရှိအမိမယ်တော် အားကြည်ညိုလေးမြတ်သူများကို အမိမယ်တော်အပေါ်ထားရှိသော ၄င်းတို့ချစ် ခြင်းကိုပြန်လည်ဆန်း သစ်ပြီး၊ စိပ်ပုတီးကိုစိတ်ကြရန်တိုက်တွန်းနိုးဆော်ထားပါသည်။ စိပ်ပုတီးသည်ဧဝံဂေလိကျမ်းစာတော် မြတ်နှင့်လည်း ခွဲ ခြားမရအောင်ပေါင်းယှက်ထားသောဆုတောင်းခြင်းဖြစ်သည်။

စိပ်ပုတီးနှင့်ပတ်သက်လာလျှင် အမိကက်သလစ်သာသနာတော် ၏သမိုင်းစာမျက်နှာကိုပြန်လည် လှန်လှော်ဖော်ထုတ်ရမည်ဖြစ်သည်။ ထိုသို့လှန်လှော်ဖော်ထုတ်ပါကရဟန်းမင်းကြီးသည် သာသနာ၏ဥသျှောင်ဖြစ်သောကြောင့်ရဟန်းမင်းကြီးတို့နှင့်ကင်းကွာ၍မရပေ။ ထို့ကြောင့် (၁၅) ရာစု၏သာသနာ သမိုင်းစာမျက်နှာကိုပြန်သွားရမည်ဖြစ်သည်။ ထိုခေတ်ကအမိသာသနာကိုဦးဆောင်နေသောရဟန်းမင်း ကြီးမှာ စီစတူးစ် (၄) ဖြစ်သည်။ သူသည်အမိသာသနာတော်ကြီးအတွင်းစိပ်ပုတီးစိတ်ခြင်းကိုတရားဝင် ဆုတောင်းခြင်းအဖြစ်အတည်ပြုပေးခဲ့သူဖြစ်သည်။

စိပ်ပုတီးကိုဦးစွာသန္နေတည်မွေးဖွားလာစေခဲ့သည့် ရသေ့အသင်းမှာ ချီးစတယ်ဆီယံ (Cistercians) အသင်းဖြစ်သည်။ ဤရသေ့အသင်းသည် ရဟန်းမင်းကြီးအတည်မပြုမီရာစုနှစ်ခုလောက်ကပင်စော၍ ကျင့်သုံးနေခဲ့သည်။ ကျင့်သုံးရခြင်း၏ရည်ရွယ်ချက်မှာ စာရေး၊ စာဖတ်မတတ် သောသူများအတွက်ဆု တောင်းရာ၌အထောက်အကူဖြစ်စေရန်ဖြစ်ပါသည်။

စိပ်ပုတီးစိတ်ခြင်း၏အစမူလဥ္မမူ ကောင်းကင်ဘုံမေတ္တာ၊ ဂုဏ်ကျေးဇူးတော်မေတ္တာ၊ ပုဂ္ဂိုလ်သုံးပါး တစ်ဆူဘုရားအားချီးမွမ်းဂုဏ်ပြု သောမေတ္တာများကိုရွတ်ဆိုခဲ့ခြင်းမဟုတ်ဘဲ၊ ဆာလံကျမ်း (၁၅၀) ခန်း ကိုဆက်တိုက်ရွတ်ဆိုခဲ့ကြသည်။ သို့သောဆာလံကျမ်းများသည်ရှည်လျှား သောကြောင့်စာရေး၊ စာဖတ် မတတ်သောသူများအတွက်၊ သက်ကြီးရွယ်အိုများအတွက်မှာမူမလွယ်ကူလှသည်ကိုသိရှိလာပြီးနောက် ပိုင်းမှတစ်စတစ်စဖြင့် ဆာလံကျမ်း (၁၅၀) ခန်းကိုရွတ်ဆိုခြင်းမှ ပို၍တိုသောဆုတောင်းမေတ္တာဖြစ် သည့် ဂုဏ်ကျေးဇူးတော်မေတ္တာ (၁၅၀) ကြိမ်ရွတ်ဆိုပူဇော်ခြင်းဖြင့်အစားထိုးလာခဲ့သည်။
သိကြားတမန်ချုပ်ဂါဘရီအဲလ်မှ မယ်တော်အားနှုတ်ဆက်သည့်ဆုတောင်းစကား ကိုအထပ်ထပ်ရွတ်ဆိုပူဇော် ခြင်းသည်မယ်တော်အားနှင်းဆီပန်းကပ်လှူပူဇော်သကဲ့သို့ခိုင်းနှိုင်းပူဇော်ခဲ့ကြသည်။

## ရာစုနှစ်ခုတိုင်ခဲ့သောစိပ်ပုတီး

(၁၅) ရာစုမှစ၍ဒိုမီနီကန်သူတော်စင်အသင်းသည် စိပ်ပုတီးစိတ်ခြင်းကိုအားပေးနိုးဆော်ကာ တိုက်တွန်းခဲ့သည်။ စိပ်ပုတီးသည်ယေဇူး သခင်၏သက်တော်စဉ်ကိုထောက်ရှုခြင်းဖြစ်သည်။ ထိုသို့ ထောက်ရှုရင်းကောင်းကင်ဘုံမေတ္တာ (ယေဇူးသခင်သင်ကြားပေးသောဆု တောင်းမေတ္တာ)၊ သိကြားတမန်ချုပ်ကအမိမယ်တော်အားအမိန့်တော်ပြန်ကြားသောဆုတောင်းမေတ္တာများကိုရွတ်ဆိုသည်။ အဘယ်ကြောင့်ဆိုသော်ဤဆု တောင်းမေတ္တာများသည်လည်းယေဇူးသခင်၏သက်တော်စဉ်၌အလွန်အရေးပါသည်။

(၁၆) ရာစုသို့ရောက်သော အခါ ဒိုမီနီကန်အသင်းဝင်ဓမ္မတွေးခေါ်ပညာရှင် Antonio Ghislieri သည်ရဟန်းမင်းကြီးအဖြစ်ရွေး ချယ်တင် မြောက်ခံခဲ့ရပြီး၊ ရဟန်းမင်းကြီး၏ဘွဲ့တော်ကို ပီအုစ် (၅) ဟုခံ ယူခဲ့သည်။ သူသည်လည်းရဟန္တာဖြစ်လာခဲ့သည်။ ရဟန်းမင်းကြီးပီအုစ် (၅) မှဦးဆောင်၍စိပ်ပုတီး ကို ယနေ့အသုံးပြုနေသောပုံစံမျိုးဖြစ်အောင် နက်နဲရာအချက် (၁၅) ချက်ကိုထည့်သွင်းခဲ့သည်။ ထို့ နောက် (၁၅၇၁၊ အောက်တိုဘာလ၊ ၇) ၌ စိပ်ပုတီးသခင်မပွဲနေ့ကိုအမိကက်သလစ်သာသနာ၏ဝတ်ပြု ခြင်း၌ထည့်သွင်း၍ကျင်းပစေခဲ့သည်။ ထိုနေ့သည်ကား လက်တို၌ခရူးဆိတ်စစ်သည်များရန်သူတပ်ကို အောင်နိုင်သည့်နေ့ဖြစ်သည်။ ထိုသို့အောင်နိုင်ခဲ့ခြင်းမှာစိပ်ပုတီးစိတ်၍ အမိမယ် တော်၏ထပ်ဆင့် ဆု တောင်းခြင်းကိုခံယူ၍အောင်မြင်ခဲ့သည်ဟုယုံကြည်ကြသည်။

(၂၀၀၂) သို့ရောက်သောအခါ စိန့်ဂျွန်ပေါလ် (၂) က နက်နဲရာငါးခုကိုထပ်မံဖြည့်စွက်ခဲ့ပြန်သည်။ ထိုနက်နဲရာအချက်များကို အလင်းတော်၏နက်နဲရာဟုဖြစ်ပြီး၊ အခြားသောနက်နဲရာများမှာဝမ်းမြောက် ဖွယ်ရာ၊ ဝမ်းနည်းဖွယ်ရာနှင့်အံ့သြဖွယ်ရာတို့ဖြစ်ကြသည်။

(၁၅၇၁ မှ ၂၀၀၂) အထိအမိသာသနာတော်ကြီးကိုဦးဆောင်ဦးရွက်ပြုခဲ့သောရဟန်းမင်းကြီးအပါး တိုင်းသည် စိပ်ပုတီးကိုစိတ်ရန်သာစဉ် ဆက်မပြတ်ဘဲ အားပေးအားမြောက်ပြုလာခဲ့သည်။ (၁၈၉၃၊ စက်တင်ဘာလ) ၌ laetitiae Sanctae စာချွန်တော်ကိုလည်း ရဟန်းမင်းကြီးလေအို (၁၃) မှလည်း ထုတ်ဝေ၍ စိပ်ပုတီးသည်ကြည်ညိုစွာဖြင့်စိတ်လျှင်တစ်ဦးတစ်ယောက်အတွက်သာဝိညာဉ်အကျိုး ကိုသက်ရောက်စေခြင်း မဟုတ်ဘဲ၊ အဖွဲ့အစည်း၊ အသင်းအပင်းအားလုံးအတွက်လည်းအကျိုးရှိ ကြောင်းရှင်းပြထားပါသည်။ စိပ်ပုတီးစိတ်ခြင်း၏ အကျိုးရလာဒ်အဖြစ် လူတန်းစားကွာဟမှုကြီးသည် လူမှုအသိုင်းအဝိုင်း၌ဖြစ်ပေါ်လာပြီး

မတည်မငြိမ်ဖြစ်လာကာ စက်မှုတော်လှန်ရေးကြီးပေါ်ပေါက်ခဲ့သည်။ ထို့ နောက်အထက်တန်းလွှာအရင်းရှင်များ၏ဘဝလည်းကျဆုံးခဲ့ကြရသည်။

## ခက်ခဲသောအချိန်၌ဆုတောင်းရန်

ရဟန်းမင်းကြီး ပီအုစ့် (၁၁) ကဆိုရှယ်လစ်စနစ်နှင့်စတာလင်၏မူဝါဒလွှမ်းမိုးရိုက်ခတ်လာ မည်ကိုကြိုတင်မြင်ခဲ့သည်။ ထို့ကြောင့် (၁၉၃၇)၊ ဒုတိယကမ္ဘာစစ်မီးမဖြစ်မီစာချွန်တော်တစ်ဆောင် ထုတ်ဝေခဲ့သည်။ ထိုစာချွန်တော်မှာ Ingravescentibus Malis ဟုခေါ်သည်။ ထိုစာချွန်တော်၌နှစ် ဆယ်ရာစုမှလူများသည် မိမိတို့၏မာနတရားကြောင့် စိပ်ပုတီးစိတ်ခြင်းလည်းမပြုဖြစ်လာကြတော့မည်။ သို့သော်မရေမတွက် နိုင်သော ရာစုအဆက်ဆက်မှသူတော်ကောင်းတို့သည် မည်သည့်အခြေအ နေ၌ဖြစ်စေစိပ်ပုတီးစိတ်ခြင်းကိုမြတ်မြတ်နိုးနိုးပြုခဲ့ကြသည်။ ဘာသာ တူများအားမိမိတို့အိမ်များ၌စိပ်ပု တီးစိတ်ကြရန်၊ ဤသို့ဖြင့်ဘုရားသခင်သည်လမ်းလွဲသွားသောသူများအားမကောင်းမှုကိုမပြုနိုင်ရန်ဘု ရားသ ခင်၏နာမတော်ကမြစ်တားပြီး၊ နောင်တဖြင့်မှန်ကန်သောလမ်းကြောင်းပေါ်သို့ပြန်လည်ရောက် ရှိလာနိုင်စေရန်၊ အမိမယ်တော်၏စောင့်ရှောက် မှုကိုနှိမ့်ချစွာခံယူရန်ဆုတောင်းစေခဲ့သည်။

ရဟန်းမင်းကြီးပီအုစ့် (၁၁) ကထပ်လောင်း၍ စိပ်ပုတီးစိတ်ခြင်းသည် ဘုရားသခင်နှင့်သာသနာ ၏ရန်သူများကိုအံ့အားသင့်လောက် အောင် အောင်မြင်စေရုံမျှမဟုတ်။ စိပ်ပုတီးစိတ်ခြင်းသည်ဧဝံဂေလိကျမ်းလာပါရမီများကိုလည်းကျင့်ကြံ၍ကျွန်ုပ်တို့ ၏စိတ်နှလုံး ဝိညာဉ်ထဲသို့ စွဲမြဲရှင်သန်စေသည်ဟု အားပေးထားသည်။

## စိန့်ဂျွန် (၂၃) သည်

(၁၉၆၃၊ မေလ၊ ၄) ရက်နေ့၌ အမိသာသနာတော်ကြီးသည် ဗာတီကန် (၂) အစည်းအဝေး ကြီးကိုအာရုံစိုက်နေကြချိန်တွင် စိန့်ဂျွန် (၂၃) က ဗာတီကန်သို့ဘုရားဖူးရောက်လာသော အီတလီနိုင် ငံအတွင်းရှိစိပ်ပုတီးတမန်တော်အသင်း (Living Rosary) ကိုတွေ့ဆုံခဲ့သည်။ ထို တွေ့ဆုံခြင်း၌ရဟန်း မင်းကြီးသည်မကျန်းမမာသောကလေးသူငယ်များစွာနှင့်တွေ့ဆုံခဲ့သည်။ ထို့နောက် သင်တို့သည်ကျွန်ုပ် တို့အတွက်အလွန် တန်ဖိုးကြီးသည်။ သင်တို့သည်ကျွန်ုပ်တို့အတွက်မျက်စိသူငယ်အိမ်ကဲ့သို့ဖြစ်ပါသည်။ သင်တို့သည်ကျွန်ုပ်တို့အတွက်အရာအားလုံးထက်တန်ဖိုးရှိ ပါသည်။ အဘယ်ကြောင့်ဆိုသော်သင်တို့၏ ငယ်ရွယ်နုနယ်သောအသက်အရွယ်နှင့်သင်တို့သည်ဆုတောင်းနေကြသည်။ သင်တို့သည်နေ့စဉ်အ နည်း ဆုံးစိပ်ပုတီးတစ်ဆယ်ကိုမဖြစ်ဖြစ်အောင်စိတ်ဖြစ်ရန်ကြိုးစားကြသည့်အတွက်ဂုဏ်ယူပါကြောင်း၊ ဆု တောင်းခြင်းမပြုသောနေ့သည်နေမ သာသောကောင်းကင်၊ ပန်းများမပွင့်သောဥယျာဉ်နှင့်တူကြောင်း

မွတ် ကြားအားပေးခဲ့သည်။

(၁၉၆၁) ခုနှစ်ကလည်း Il religioso convegno (ကတိသစ္စာသုံးပါးခံသူတော်စင်များ၏အစည်း အဝေး) သို့လည်းစာတစ်စောင် ရေးသားပေးပို့ခဲ့သည်။ ထိုစာထဲ၌ရဟန်းမင်းကြီးက သူသည်ဂမ်း မြောက်ဖွယ်ရာနက်နဲလှသောစိပ်ပုတီးနက်နဲအရာအချက်ကိုဆုတောင်းနေရင်း ထိုနေ့ (၂၄)

နာရီအတွင်းကမွေးဖွားခဲ့သောမွေးဖွားစကလေးများအတွက်ဆုတောင်းပေးကြောင်း၊ ဤသို့စိတ်ပုတီးတစ်ဆယ်စေ့ကိုမွေးကင်းစကလေးများအတွက်ဆုတောင်းပူဇော်ပေးခြင်းဖြင့် နေ့ချိန်၊ ညချိန်မည်သည့်အချိန်၌မွေးသောကလေးများဖြစ်ပါစေ၊ ၄င်းတို့အားကောင်းကြီးပေး စောင့်ရှောင်ရန်ယေဇူးသခင်အားအပ်နှံပူဇော်ပေးလိုက်ခြင်းဖြစ်သည်။

(၁၉၅၉) ခုနှစ်ထုတ် Grata rocordatio စာချွန်တော်ထဲ၌မူ ရဟန်းမင်းကြီးဂျွန် (၂၃) သည် နေ့စဉ်စိပ်ပုတီးစိတ်ကြရန် တိုက်တွန်းထား သည်။ စိပ်ပုတီးသည်ထောက်ရှုစဉ်းစားရန်အကောင်းဆုံးသောဆုတောင်းမေတ္တာဖြစ်သည်။ ကျွန်ုပ်တို့ (သူတော်စင်များ) သည်နေ့စဉ်တစ်ကုံးလုံး ကိုမစိတ်ဘဲမပျက်ကွက်ကြ။ မကြာမီပြုလုပ်မည့်ဗာတီကန် (၂) အစည်းအဝေကြီး ၏ အရေးကြီးသောခေါင်းစဉ်တစ်ခု ဖြစ်သည့်ခရစ်ယာန်များစည်းလုံးညီညွတ်ခြင်းဆိုင်ရာအကြောင်း အရာများအထမြောက်အောင်မြင်ရန် ဘာသာတူများအားစိပ်ပုတီးဝိုင်းဝန်း စိတ်ကြရန်တောင်ခံခဲ့ သည်။

ဗာတီကန် (၂) အစည်းအဝေးကြီးရပ်နားထားခဲ့ပြီး၊ ပြန်စချိန်တွင် ရဟန်းမင်းကြီးပေါလ် (၆) လည်းမယ်တော်နှင့်ဆိုင်သော စာချွန် တော်တစ်စောင်ကိုထုတ်ဝေခဲ့သည်။ ထိုစာချွန်တော်ကို Mariali Cultus ဟုအမည်ပေးထားသည်။ ဤစာချွန်တော်တွင်ရဟန်းမင်းကြီးက စိပ်ပုတီးစိတ်ရာတွင်စိတ်ရုံသက်သက်သာမဟုတ်ဘဲ စဉ်းစားထောက်ရှုရန်လိုအပ်သည့်အကြောင်း၊ ထိုထောက်ရှုစဉ်းစာမှုများမပါ လျှင်ဝိညာဉ်မပါ သောခန္ဓာကဲ့သို့အရေးကြီးသောအပိုင်းသည်ပျောက်နေမည်။ ထိုသို့ပျောက်နေလျှင် သံပတ်ပေးထားသောစက်ကဲ့သို့ သံပတ်တင်းနေသရွေ့လည် နေမည်။ လောင်စာဖြည့်ထားသောစက်ကဲ့ သို့ဆီရှိနေသရွေ့ဘာမျှမစဉ်းစားဘဲလည်ပတ်နေမည့်သဘောမျိုးဆောင်သွားပေမည်ဖြစ်ကြောင်း၊ မိသားစုစိပ်ပုတီးစိတ်ကြရန်ကိုလည်းရဟန်းမင်းကြီးထိုစာချွန်တော်ထဲတွင်ထည့်သွင်းနိုးဆော်ထားသည်။

## စိန့်ဂျွန်ပေါလ် (၂) အလွန်နှစ်သက်သောဆုတောင်းမေတ္တာ

စိန့်ဂျွန်ပေါလ် (၂) ကိုယ်တိုင်လည်းမယ်တော့်ကိုအလွန်သဒ္ဒါကြည်ညိုသည်။ သူဆရာတော်အဖြစ်သိက္ခာတင်စဉ်ကရွေး ချယ်ခဲ့သော ဆောင်ပုဒ်မှာ Totus Tuus (အားလုံးသင့်အတွက်) ဖြစ်သည်။ သူ၏ရဟန်းမင်းကြီးသက်တမ်း (၂၇) နှစ်အတွင်း စိပ်ပုတီးစိတ်ရန်လည်းအစဉ် အားပေးသည်။ (၂၀၀၂) ခု နှစ်တွင် Rosarium Virginis Mariae ဟုအမည်ပေးထားသောစာတစ်စောင်ရေးသားခဲ့သည်။ ထိုစာ စောင်ထဲတွင် စိပ်ပုတီးစိတ်ခြင်းသည် ဧဝံဂေလိကျမ်းလာတရားတော်အားလုံးကိုနက်ရှိုင်းစွာအခြေခံ ထားသည်။ စိပ်ပုတီးအားဖြင့် ဘာသာတူများသည်ကယ် တင်ရှင်၏မိခင်မှတဆင့် ကြွယ်ဝသောကောင်းကြီးကိုခံရကြသည်။ သူ၏လူငယ်ဘဝ၌ ဆုတောင်းခြင်းကိုဘဝ၏အရေးကြီးသောအစိပ် အပိုင်းအ ဖြစ် ပြုလေ့ရှိသည်။ ဆုတောင်းရသည်ကိုသူအလွန်ကြိုက်သည်။ ဤအကြောင်းအရာကိုသူသည် (၁၉၇၈) ရဟန်းမင်း

ကြီးအဖြစ်ရွေးချယ်မခံရမီ နှစ်ပတ်အလိုတွင်ထုတ်ဖော်မိန့်ကြားခဲ့ဖူးသည်။ ဤစာစောင်၌ပင် (၂၀၀၂ မှ ၂၀၀၃) ကိုစိပ်ပုတီးနှစ်အဖြစ် တကမ္ဘာလုံးအားကြေငြာခဲ့သည်။ ဘာသာတူများအားလည်းစိပ်ပုတီးစိတ်၍အမိမယ်တော်နှင့်အတူယေဇူးသခင်၏မျက်နှာတော်ကိုလည်းထောက်ရှုရန်တိုက်တွန်းနိုး ဆော်ထားသည်။

တတိယရာစုအစပိုင်း၌ ပဋိပက္ခအချို့ကိုအောင်မြင်ကျော်လွှားရန် စိပ်ပုတီးကိုအရေးတကြီး စိတ်ကြရန်လိုကြောင်း၊ အဘယ် ကြောင့် ဆိုသော် သမိုင်းနှင့်ဘာသာရေးအတွေးအခေါ်အားတန်ဖိုးလျော့ နည်းစေနိုင်ပြီး၊ မျိုးဆက်သစ်တို့အားလုံးသင်ကြားမပေးတော့မည့်ဘေးနှင့်ကြုံ နိုင်၍ဖြစ်သည်။ မိသားစုနှင့်ပတ်သက်သောအလွန်အရေးကြီးသည်ကိစ္စများသည်ခြိမ်းခြောက်နေပြီး၊ ထိုကိစ္စသည်အတွေးအခေါ်နှင့်လက်တွေ့ တွင်ရောယှက်လုံးထွေးသွားသည်။ ထို့ကြောင့်မိသားစု၏တန်ဖိုးကိုဖျက်ဆီးသည့်ဤမကောင်းမှုကိုစိပ်ပုတီး၏စွမ်းအားဖြင့်အထိရောက်ဆုံးသောအကူအညီဖြစ်

သည်။

## စိပ်ပုတီး၏နွေဦးကာလ

ရဟန်းမင်းကြီးဘေနေဒစ် (၁၆) သည်လည်း စိပ်ပုတီးစိတ်ခြင်းကိုပြန်လည်အသက်သွင်းလို သည်။ စိပ်ပုတီးသည်အတိတ်ကိုလွမ်းရုံမျှ၊ သတိရသည့်အခါမှသာဆုတောင်းခြင်းမျိုးမဖြစ်ရ။ စိပ်ပုတီးစိတ်ခြင်းသည်နွေဦးကာလကဲ့သို့ပြန်လည်ရှင်သန်လာရမည်။ စိပ်ပုတီးစိတ်ခြင်းသည် လူငယ်များ၏ ယေဇူးသခင်နှင့်သူ၏မယ်တော်မာရိယာအားပြသနိုင်သောအလွန်ထိရောက်သည့်ချစ်ခြင်း၏သင်္ကေတဖြစ်သည်။ အတွေးအခေါ် များ၊ ကိုယ့်ကျင့်တရားများပြန့်ကျဲနေသောလက်ရှိခေတ်ရေစီးကြောင်း၌ စိပ်ပုတီးသည်သာလျှင်ခရစ္စတူးကိုဘဂ၏ဗဟို ချက်မသို့ပြန်လည်ရောက် လာစေနိုင်မည်ဖြစ်ကြောင်း (၂၀၀၈၊ မေလ၊ ၃) ရက်နေ့၊ ရောမမြို့ရှိမယ်တော်သခင်မဘာစီးလီကာကျောင်းတော်ကြီး၏ရင်ပြင်တွင်မြွတ်ကြားခဲ့ သည်။

ထိုသို့မမြွတ်ကြားမီသုံးနှစ်အလိုတွင် နယ်သာလန်မှကက်သလစ်လူငယ်များအားမြွတ်ကြား သောမိန့်ခွန်းတစ်ခုတွင် စိပ်ပုတီးစိတ်ခြင်း အားဖြင့်မယ်တော်သခင်မ၏ရိုးသားခြင်းနှင့်လေးနက်ခြင်းသည်သင်တို့အားဆုတောင်းတတ်ရန်ကူညီပေးလိမ့်မည်ဟုရေးသားပေးပို့ခဲ့သည်။ (၂၀၀၆) ခုနှစ်၏ဗုဒ္ဓဟူးနေ့တစ်နေ့၊ ဘုရားဖူးဘာသာတူများနှင့်တွေ့ဆုံမှုတွင်လည်း ရဟန်းမင်းကြီးဘေနေဒစ် (၁၆) က စိပ်ပုတီးစိတ်ခြင်း ကို ထပ်မံအသားပေးမိန့်ကြားခဲ့ပြန်သည်။ လက်ထပ်ခါစဇနီးမောင်နှံတို့အားလည်း သင်တို့၏မိသားစု၌စိပ်ပုတီးစိတ်ကြပါဟုတိုက်တွန်းလိုကြောင်း၊ ထိုသို့ဆုတောင်းခြင်းသည် အမိမယ်တော်၏မိခင်ဂုဏ်ရုံတော်အောက်၌ ဝိညာဉ်ရေးရာတစ်နေ့တာဆုံဆည်းခြင်းဖြစ်ပြီး၊ ကြီးထွားခြင်း လည်း ဖြစ်သည်။ မကျန်းမမာသူများနှင့်တွေ့ဆုံစဉ်ကလည်း ကျွန်ုပ်တို့မိခင်ကညာမယ်တော်မာရိယာထံယုံကြည်အားကိုးခြင်းဖြင့်ပြန်လှည့်လာကြပါ။ သင်တို့၏လိုအားချက်များကိုလည်းသူ့အားယုံကြည်စွာအပ်နှံထားလိုက်ပါဟုအားပေးတိုက်တွန်းခဲ့သည်။

**ခက်ခဲသောအချိန်ထပ်မံကြုံကြိုက်လာ**

(၂၀၁၈၊ အောက်တိုဘာလ) ကရဟန်းမင်းကြီးဖရန်စစ်သည် ဘာသာတူများအားလုံးအား နေ့စဉ် စိပ်ပုတီးစိတ်ရန်ပန်ကြားခဲ့သည်။ သို့ဖြင့်အမိမယ်တော်သည်သာသနာအတွင်းမှ (သံဃာများ၊ ကတိသစ္စာသုံးပါးခံသူတော်စင်များ) လိင်မှုကိစ္စ၊ အာဏာအလွဲသုံးစားမှုများ နှင့်ဟိရိဩတ္တပ္ပစိတ်များကင်းပျောက်နေမှုသည်အတွင်းပိုင်းစိတ်ဂမ်းကွဲစေသောကြောင့်အမြန်ဆုံးကူညီဖြေရှင်းပေး စေရန်ဖြစ်သည်။

ရဟန်းမင်းကြီးဖရန်စစ်သည် ယနေ့ (၂၀၂၀၊ မေလ) ၌ထိုဖိတ်ခေါ်ချက်ကိုပြန်လည်ဆန်းသစ် လိုက်ပြန်သည်။ အဘယ်သို့နည်းဟုမူ ယေဇူးသခင်၏မျက်နှာတော်ကိုအမိမယ်တော်နှင့်အတူဆင်ခြင် ထောက်ရှုရန်ဖြစ်သည်။ စိပ်ပုတီးစိတ်ခြင်းသည်ကျွန်ုပ်တို့အားပို၍

ပင် ဝိညာဉ် ရေးမိသားစုအဖြစ်စည်း လုံးစေမည်။ ထို့အတူလက်ရှိကြုံတွေ့နေရသောကပ်ရောဂါဆိုးကြီးမှလည်းလွန်မြောက်သွားစေမည်ဟု ကြောင်းရောဂါ ပြင်းထန်စွာခံစားနေရသောသူများအတွက်လည်းဆုတောင်းပေးရင်း၊ ဤစာကိုရေးသား ခဲ့သည်။

ဘာသာပြန် ဖာသာရ်ကလဲမင့်အားတယ်

https://bit.ly/2Sd7Rw1